Burmese - မြန်မာ

# Health Information

HEALTH COMPLAINTS COMMISSIONER

ကျွန်ုပ်၏ကျန်းမာရေးမှတ်တမ်းများ

ကျွန်ုပ်၏အခွင့်အရေးများ

**ကျွန်ုပ်၏အခွင့်အရေးများမှာ အဘယ်နည်း။**
သင့်ကျန်းမာရေးနှင့် ပတ်သက်သည့် မည်သည့်အချက်အလက်များကို ထိန်းသိမ်းထားသည်၊ မည်သို့မည်ပုံနှင့် မည်သည့်အတွက်ကြောင့် ကောက်ယူထားပြီး ယင်းအချက်အလက်များကို မည်သည့်ကိစ္စအတွက် အသုံးပြုမည်တို့ကို သင့်အနေဖြင့်သိပိုင်ခွင့်ရှိသည်။
သင့်အနေဖြင့် သင်၏ ကျန်းမာရေးမှတ်တမ်းများကို တောင်းယူကြည့်ရှုနိုင်ပြီး အချက်အလက်များမမှန်ကန်ပါက ပြောင်းလဲရန် တောင်းဆိုနိုင်သည်။ သင်၏ ကျန်းမာရေးမှတ်တမ်းများကို အခြားကျန်းမာရေး ဝန်ဆောင်မှုပေးသူတစ်ဦးဆီသို့ ပေးပို့ရန်လည်း တောင်းဆိုနိုင်သည်။ ဤတောင်းဆိုချက်များကို ငြင်းပယ်ခံရပါက စာဖြင့်ရေးသားထားသော ဖြေရှင်းချက်တစ်စောင်ကို သင့်အနေဖြင့် ရထိုက်သင့်သည်။

**ကျွန်ုပ်၏ ကျန်းမာရေးဆိုင်ရာ အချက်အလက်များကို မည်သူက ထိန်းသိမ်းထားပါမည်နည်း။**
ဆေးရုံများ၊ သွားဆရာဝန်များကဲ့သို့ ကျန်းမာရေးဝန်ဆောင်မှုပေးသူများနှင့် ကျောင်းများ၊ အာမခံကုမ္ပဏီများနှင့် အစိုးရဌာနများကဲ့သို့ ကျန်းမာရေးဝန်ဆောင်မှုပေးသူများမဟုတ်သည့် အဖွဲ့အစည်းများအားလုံးကလည်း ကျန်းမာရေးဆိုင်ရာ အချက်အလက်များကို ကောက်ယူမည်ဖြစ်ပါသည်။ ၎င်းတို့သည် သင်၏ ဆေးဘက်ဆိုင်ရာ မှတ်တမ်းများ၊ ဆေးစစ်ချက်အဖြေများ၊ ဆေးခွင့်လက်မှတ်များ၊ ဆေးဝါးမှတ်တမ်းစာရင်းများနှင့် အခြားအရာများကိုလည်း ထိမ်းသိမ်းထားနိုင်ဖွယ်ရှိပါသည်။ ၎င်းတို့က မှတ်တမ်းများပြုလုပ်ထားပါက ယင်းမှတ်တမ်းများကို၎င်းတို့မှပိုင်ဆိုင်မည်ဖြစ်သည်။

**၎င်းတို့၏ တာဝန်ဝတ္တရားများမှာ အဘယ်နည်း။**
ကျန်းမာရေးအချက်အလက်များကို သင်၏သဘောတူညီမှုဖြင့်သာ ကောက်ယူသင့်ပြီး ၎င်းကိုကောက်ယူသည့် ရည်ရွယ်ချက်အတွက်သာ အသုံးပြုသင့်သည်။ ယင်းရည်ရွယ်ချက်နှင့် မသက်ဆိုင်သော ရည်ရွယ်ချက်တစ်ခုအတွက်အသုံးပြုမည်ဆိုပါက သင်၏ခွင့်ပြုချက်ကို တောင်းခံရန် လိုအပ်သည်။

၎င်းတို့၏ အချက်အလက်များသည် တိကျ၍ နောက်ဆုံးရ အချက်အလက်များဖြစ်သင့်ပြီး ၎င်းတို့အား ကောက်ယူသည့် လုပ်ငန်းနှင့် ဆက်စပ်မှုရှိသင့်သည်။ ၎င်းတို့အနေဖြင့် သင်၏ ကိုယ်ရေးသီးခြားရှိမှုကို ကာကွယ်ရန်အတွက် သင်၏ အချက်အလက်များကို လုံခြုံစွာ သိမ်းဆည်းရန်၊ ရွှေ့ပြောင်းရန်နှင့် ဖယ်ရှားရန်လိုအပ်သည်။ သင်၏ ဝန်ဆောင်မှုပေးသူသည် နေရာရွှေ့ပြောင်းခြင်း သို့မဟုတ် ပိတ်သိမ်းခြင်းပြုလုပ်လျှင် ၎င်းတို့အနေဖြင့် အများပြည်သူသိရှိစေရန် အသိပေးသင့်သည်။

**ကျွန်ုပ်၏ မှတ်တမ်းများကို မည်ကဲ့သို့ ရယူနိုင်မည်နည်း။**
ပထမအဆင့်မှာ သင့်ကျန်းမာရေးအချက်အလက်များကို ကိုင်တွယ်ထိန်းသိမ်းထားသူများအား ဆက်သွယ်ရမည်။ ၎င်းတို့၏ တုန့်ပြန်မှုများအပေါ် စိတ်ကျေနပ်မှုမရှိပါက တိုင်ကြားချက်ဖွင့်နိုင်သည်။

Health Complaints Commissioner (ကျန်းမာရေးတိုင်ကြားချက် ဆိုင်ရာ ကော်မရှင်အဖွဲ့လူကြီး)မှ ကျန်းမာရေးဝန်ဆောင်မှုပေးသူများ နှင့်ဗစ်တိုးရီးယားပြည်နယ်အတွင်းရှိ ကျန်းမာရေးဆိုင်ရာ အချက်အလက်များ ထိန်းသိမ်းထားသည့် ပုဂ္ဂလိကအဖွဲ့အစည်းတစ်ခုခုနှင့် ပတ်သက်သည့် တိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းပေးပါသည်။

အစိုးရအဖွဲ့အစည်းများမှ ကျန်းမာရေးဆိုင်ရာမှတ်တမ်းများအား ကိုင်တွယ်ခြင်းနှင့်ပတ်သက်သည့် တိုင်ကြားချက်များအား သတင်းအချက်အလက်လွတ်လပ်ခွင့်ဆိုင်ရာ ကော်မရှင်အဖွဲ့လူကြီးထံသို့ ပေးပို့ရသည်။

ကျွန်ုပ်တို့၏ရုံးသည် သင့်အား သင်၏ မှတ်တမ်းများကို ရယူနိုင်ရန်၊ ပြုပြင်နိုင်ရန်၊ ဖြေရှင်းချက်ရရှိရန်၊ တောင်းပန်စကားရရှိရန်၊ ပြန်အမ်းငွေများရရှိနိုင်ရန် သို့မဟုတ် ဝန်ဆောင်မှုအဖွဲ့တစ်ခုမှ ကျန်းမာရေးအချက်အလက်များ ကိုင်တွယ်ဖြေရှင်းပုံကိုပင် ပြောင်းလဲရန်တို့အတွက် ကူညီပေးနိုင်ပါသည်။

ကျွန်ုပ်တို့၏ ဝန်ဆောင်မှုမှာ အခမဲ့ဖြစ်၍ လျှို့ဝှက်လုံခြုံမှုရှိပြီး ဘက်လိုက်မှုကင်းသည်။

**ကျွန်ုပ်တို့ကို ဆက်သွယ်ရန်**
သင်၏ ရပိုင်ခွင့်များနှင့် ပတ်သက်၍ သတင်းအချက်အလက်များ ပိုမိုသိရှိရန် သို့မဟုတ် တိုင်ကြားချက်ပုံစံတစ်ခုကို ဖြည့်စွက်ရန် သတင်းအချက်အလက်များ ပိုမိုသိရှိလိုပါက www.hcc.vic.gov.au ၌ကြည့်ရှုပါ။

Level 26, 570 Bourke Street, Melbourne Victoria 3000 သို့လာရောက်လေ့လာပါ သို့မဟုတ် စာရေးသားပေးပို့ပါ

သင်၏ တိုင်ကြားချက်များနှင့် ပတ်သက်၍ ဆွေးနွေးလိုပါက တနင်္လာနေ့မှ သောကြာနေ့အထိ  နံနက်9 နာရီမှ ညနေ 5 နာရီကြားတွင်1300 582 သို့ဖုန်းခေါ်ဆိုနိုင်ပါသည်။

TTY/အသံဖြင့်ခေါ်ဆိုခြင်း - 133 677
ပြောကြားခြင်းနှင့် နားဆင်ခြင်း -1300 555 727
ဘာသာပြန်ဆိုခြင်းနှင့် စကားပြန်ဝန်ဆောင်မှုများ - 131 450

*ဤအချက်အလက်များသည် ယေဘုယျသဘောဖြစ်၍ ဥပဒေရေးရာ အကြံဉာဏ်တစ်ခုဖြစ်ရန် မရည်ရွယ်ပါ။*